# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# (၂၃) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

## (၂၀၁၃ ခုနှစ်၊ မတ်လ ၇ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို နံနက် ၁၀း၀၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ရှိတဲ့အနက် ၃၆၆ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၉၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပ ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၇-၃-၂၀၁၃ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်တဲ့ဦးရေ ၃၆၆ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၆၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၆၀ ဦး

အနက် ၄၂ ဦးကတော့ ယခင်က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၁၈ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၂) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၂ ရက်၊

(၃) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၄) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၁ ရက်၊

(၅) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင် ခွင့် ၁ ရက်၊

(၆) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၂ ရက်၊

(၇) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျိဖုန်ဆားရ်ခွင့် ၁ ရက်၊

(၈) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၉) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၂ ရက်၊

(၁၀) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၁၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၁၂) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၂ ရက်၊

(၁၃) တောင်ငူမဲဆန္ဒနယ်မှ ဦးအောင်စိုးမြင့် ခွင့် ၂ ရက်၊

(၁၄) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၂ ရက်၊

(၁၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၂ ရက်၊

(၁၆) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း ခွင့် ၂ ရက်၊

(၁၇) ရွှေတောင်မဲနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်နှင့်

(၁၈) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၁၈ ဦးအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**အမ်း-တပ်တောင်ကားလမ်းကျောက်ကတ္တရာခင်းလမ်း အဆင့်မြှင့်တင်ပေးရန်၊ ဂယ်လောင်းတံတားအားသံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်၊ ရှူးကျေးရွာနှင့်တပ်တောင် ကျေးရွာချင်းဆက်ကားလမ်း အဆင့်မြှင့်တင်ပေးရန်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းဆွေ(အမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ်က ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်တဲ့ မေးခွန်း ၂ ခုကို မေးမြန်းလိုပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ် အမ်းမြို့နယ်မှာ အမ်း-တပ်တောင်

ကားလမ်းဆိုတာ မူလက ကျောက်ကတ္တရာခင်းလမ်းဖြစ်ပါတယ်။ အရှည် ၂၄ မိုင် ၆ ဖာလုံရှိပြီးတော့မှ တပ်တောင်ကျေးရွာသည် အမ်းမြို့ပြီးရင် ဒုတိယလူဦးရေအထူထပ်ဆုံး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိဆုံး ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အမ်း-တပ်တောင်ကားလမ်းမှာ ကျေးရွာ ၁၈ ရွာရှိပြီးတော့မှ လူဦးရေ ၈၀၀၀၀ ကျော်လောက်အသုံးပြုပါတယ်။ မူလက ကျောက်ကတ္တရာခင်းလမ်းဖြစ်သော်လည်း ပဲ ကျွန်တော်တို့ ၂၀၀၈-၂၀၀၉ ခုနှစ်မှာ လမ်းအကျယ်ကို ၃၆ ပေအထိ ချဲ့ပြီးတော့မှ အဲ့ဒီလမ်းမှာရှိတဲ့ တံတားများကိုလည်း ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ခဲ့ပါတယ်။ သို့ရာတွင် ဘဏ္ဍာငွေကန့်သတ် ချက်ကြောင့် တချို့နေရာတွေမှာ ကွန်ကရစ်တံတားမခင်းခဲ့နိုင်ပါဘူး။ လမ်းအကျယ်ချဲ့တဲ့အတွက် ကြောင့်လည်း မူလကကျောက်ကတ္တရာခင်းလမ်းတွေဟာ မြေသားလမ်းအဖြစ် ဖြစ်သွားပါတယ်။ အဲ့ဒီ လမ်းဟာလည်းပဲ ကျွန်တော်တို့ အမ်းမြို့နယ်အပါအဝင် တချို့ကျောက်ဖြူမြို့နယ်ကနေမှ ရေထွက် ကုန်ပစ္စည်းများအဓိက ထားပြီးတော့မှ ပို့တဲ့လမ်းဖြစ်ပါတယ်။ အဲ့ဒီလမ်းမှာ တံတားတွေ မကောင်းတဲ့ အတွက် ခံနိုင်ဝန်အားမရှိတဲ့အတွက် တပ်တောင်ကျေးရွာကနေပြီးတော့မှ အမ်းမြို့နယ်မှာရှိတဲ့ လုံးကျေးရွာအထိ ကားအစား စက်လှေများနှင့် ငါးဖမ်းများ၊ ပုစွန်များ ပစ္စည်းများကို ပို့ပြီးတော့မှ အဲ့ဒီ လုံးကျေးရွာမှ အမ်းမြို့နယ်ကို ဖြတ်ပြီးတော့မှ ပြည်မကို ရေထွက်ကုန်ပစ္စည်းများပို့နေရပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းကို ယာဉ်များရာသီမရွေးသွားလာနိုင်အောင်ဆောင်ရွက်ပေးမယ်ဆိုရင် ဒေသ အတွက် အင်မတန်အကျိုးရှိပြီးတော့မှ စီးပွားရေးဖွံ့ဖြိုးမှုအတွက်လည်း အထောက်အကူဖြစ်မှာဖြစ်တဲ့ အပြင် ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် အလုပ်အကိုင်ရရှိရေးပဲလည်း များစွာအထောက်အကူဖြစ်မှာဖြစ် တဲ့အတွက် ဒီလမ်းနှင့်ပတ်သက်ပြီးတော့မှ ပထမမေးခွန်းကတော့ ရခိုင်ပြည်နယ် အမ်း-တပ်တောင် ကားလမ်း ကျောက်ကတ္တရာခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန်နှင့် အဲ့ဒီလမ်းမှာရှိတဲ့ အဓိကကျ တဲ့ ဂယ်လောင်းတံတားကိုလည်း သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ကတော့ အဲ့ဒီ အမ်းမြို့နယ်မှာပါပဲ ရှူးကျေးရွာ ဆိုတာရှိပါတယ်။ သူကတော့ အမ်းမြို့နယ်နှင့် မြေပုံမြို့နယ်အစပ်ဖြစ်ပြီးတော့မှ မြေပုံမြို့နယ်မှ ကမ်းထောင်းကြီး နှင့်ဆက်သွယ်နိုင်ပြီးတော့မှ ဒီလမ်းသည်လည်းပဲ ရှူး-တပ်တောင်ကားလမ်သည် လည်းပဲ မြို့တွင်းလမ်းလို့ သတ်မှတ်လို့မရဘဲနှင့် ဒါကို မြို့နယ်ချင်းဆက်တဲ့လမ်း၊ ခရိုင်ချင်းဆက်သွယ် တဲ့လမ်းအဖြစ် ကျောက်ဖြူခရိုင်နှင့် မြေပုံခရိုင်ကို ဆက်သွယ်တဲ့လမ်းအဖြစ် အသုံးပြုနိုင်မှာ ဖြစ်ပါ တယ်။ နောင်မှာ လည်းပဲ ဒီလမ်းကို အမှီပြုပြီးတော့မှ ရထားလမ်း မြေပုံမြို့နယ်ကနေမှ အမ်းမြို့နယ်ကို

ဖောက်ထုတ်ဖို့လည်းပဲ အကြမ်းဖျင်း ရွေးချယ်စီစဉ်ထားပြီး ဖြစ်ပါတယ်။ အဲ့ဒီလမ်းဟာလည်းပဲ မူလကတော့ လူသွားလမ်းပဲ ဖြစ်ပါတယ်။ ဒေသမှာရှိတဲ့ ပြည်သူများ အစီအစဉ်နှင့် ကားလမ်း ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါတယ်။ အရှည်ကတော့ ၂၀ မိုင် ၃ ဖာလုံရှိပြီးတော့မှ လမ်းတစ်လျှောက်မှာ ကျေးရွာ ၁၅ ရွာရှိပါတယ်။ လူဦးရေ ၂၅၀၀၀ လောက်ရှိပါတယ်။ မိမိအစီအစဉ်နဲ့ဆောင်ရွက်ပြီးတော့မှ ဆောက်လုပ်ရေးလုပ်ငန်းကို လွှဲပေးခဲ့ပြီးတော့မှ ဆောက်လုပ်ရေးလုပ်ငန်းကလည်းပဲ ဆောက်လုပ်ရေး ပိုင်လမ်းအဖြစ် လက်ခံထားတဲ့ လမ်းတစ်ခုဖြစ်ပါတယ်။ အဲ့ဒီလမ်းဟာလည်းပဲ ဒေသအစီအစဉ်နဲ့ ဖောက်ရတဲ့အတွက် တံတားတွေက သစ်သားတံတားပဲ ဆောင်ရွက်နိုင်ပါတယ်။ လမ်းကိုလည်းပဲ မြေသားလမ်းတွေပဲ ဆောင်ရွက်နိုင်ပါတယ်။ နှစ်ကာလကြာလာတဲ့အတွက် လမ်းအချို့နေရာများမှာ ပျက်စီးမှုများ ဖြစ်ပေါ်နေပါတယ်။ အထူးသဖြင့် ရေထုတ်ပြွန်တွေ၊ တံတားနေရာမှာ ခက်ခဲတာဖြစ်တဲ့ အတွက် ဒီလမ်းကို ပြင်ပေးမယ်ဆိုရင်လည်းပဲ ကျွန်တော်တို့ မြို့နယ်အတွင်းသာမကပဲ ခရိုင်ချင်း ဆက်လမ်းအဖြစ်ပါ အသုံးပြုနိုင်ပြီးတော့မှ ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးကိုလည်းပဲ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရခိုင်ပြည်နယ် အမ်းမြို့နယ် ရှူးကျေးရွာနှင့် တပ်တောင်ကျေးရွာချင်းဆက် ကားလမ်းကို ကျောက်ကတ္တရာခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်သည်ကို သိရှိလို ပါသဖြင့် ဖြေကြားပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ အမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဆွေမှ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မေးမြန်းတဲ့ ရခိုင်ပြည်နယ် အမ်းမြို့နယ် အမ်း-တပ်တောင် ကားလမ်း ကျောက်ကတ္တရာခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန်နှင့် ဂယ်လောင်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ၊ မရှိနှင့် ရခိုင်ပြည်နယ် အမ်းမြို့နယ် ရှူးကျေးရွာနှင့် တပ်တောင်ကျေးရွာချင်းဆက်ကားလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ

ကို သိရှိလိုတဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ မင်းဘူး-အမ်း-တပ်တောင်လမ်းရဲ့ အမ်း-တပ်တောင်လမ်းပိုင်းဟာ မိုင်တိုင် ၉၇/၂ ကနေ ၁၁၈/၅ အထိ ၂၁ မိုင် ၃ ဖာလုံရှည်လျားပြီးတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကျောက်ဖြူခရိုင်ကနေ တာဝန်ယူဆောင်ရွက်လျက်ရှိရာမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ်အစိုးရ ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေ ၃၂၈.၉၅ သန်းနှင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကတော့ ၂၁ မိုင် ၃ ဖာလုံရှိတဲ့ လမ်းရဲ့ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ၊ ကတ္တရာလမ်းပေါက်များ ကျောက်ခင်း၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းက ၁ မိုင် ၅ ဖာလုံခွဲ ဆောင်ရွက်ခဲ့ပါတယ်။ ဘီးရာစွပ်ကြောင်းနှင့် ၂'' -၄'' စွပ်ကြောင်းတွေမှာ ကျောက်ဖြည့်ပြီးတော့ ဖြုံးကျောက် ၁လက်မခွဲ ထည့်ပြီးတော့မှ ခင်းကြိတ်တဲ့လုပ်ငန်းက ၁၇၅၀ ပေဆောင်ရွက်ခဲ့ပါတယ်။ ဘေလီ တံတား ၁၅ ပေအရှည်တဲ့ ဘေလီတံတားတစ်စင်း၊ သစ်သားတံတား ၂၈'×၄' နှစ်စင်းနဲ့ အဲ့ဒါတွေ စုစုပေါင်း ၃ စင်းကို သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးခဲ့ပါတယ်။ ထို့အတူပေ ၆၀ ရှည်တဲ့ သစ်သားတံတားကိုလည်း ကျောက်စီကမ်းကပ်ခုံပေါ်မှာ ဘေလီတံတားတင်ပြီးတော့ ၂ စင်း တည်ဆောက်ပေးခဲ့ပါတယ်။ ဒီလုပ်ငန်းများဟာ ယခုအခါ ဆောင်ရွက်လျက်ရှိပြီးတော့ ယခုအခါမှာတော့ ၉၀ ရာခိုင်နှုန်းပြီးနေတဲ့အနေအထားရှိပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အမ်း-တပ်တောင်လမ်းပိုင်း ၂၁ မိုင် ၃ ဖာလုံအတွက်ကို လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ရန် ပြည်နယ်အစိုးရရဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၈၃၁ သန်းတင်ပြတောင်းခံထားကြောင်း တွေ့ရှိရပါတယ်။ ရခိုင်ပြည်နယ် အမ်းမြို့နယ် အမ်း-တပ်တောင် လမ်းမိုင်တိုင် ၁၀၃/၇ မှာရှိတဲ့ တံတားအမှတ် (၇/၁၀၄) ဂယ်လောင်းချောင်းတံတားဟာလည်း အမ်းဘက်ခြမ်းမှာတော့ ကျောက်စီကမ်းကပ်ခုံနှင့် တပ်တောင်ဘက်ခြမ်းမှာ သစ်သားကမ်းကပ်ခုံ၊ ရေလယ်မှာ သစ်သားတိုင်စင်များနဲ့ တည်ဆောက်ထားပါတယ်။ အရှည် ၃၄၀ ပေရှိပြီးတော့ ဂယ်လောင်းချောင်းတံတားဟာ နှစ်လွှာ တစ်ထပ်ဘေလီ ၁၀၀ ပေ ၃ ခန်းနှင့် တစ်လွှာတစ်ထပ်ဘေလီ ၂၀ ပေ ၂ ခန်းဖြင့် တည်ဆောက်ထားပါတယ်။ တံတားအနေနဲ့ကတော့ သင့်တင့်တဲ့ကြံ့ခိုင်မှုရှိတဲ့အနေအထားမှာ ရှိပါတယ်။ ဒါပေမယ့် လိုအပ်ချက်အရ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၂၀ သန်းလျာထားတင်ပြပြီးတော့ အတည်ပြုချက်ရရှိတဲ့အခါမှာ ဒီလုပ်ငန်းကို ဒီတံတားကိုလည်း တည်ဆောက်ပေးသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် အမ်းမြို့နယ် ရှူးကျေးရွာနှင့် တပ်တောင်ကျေးရွာချင်းဆက်ကားလမ်းဟာ ၂၁ မိုင် ၃ ဖာလုံရှည်လျားပြီးတော့ မြေသားလမ်း အမျိုးအစားဖြစ်ပါတယ်။ လက်ရှိမှာ အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်ပြီးနေတဲ့ လမ်းဖြစ်ပြီးတော့ ဒီလမ်းပိုင်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကနေပြီးတော့ ပြည်နယ်စီမံကိန်းနှင့် ရသုံးမှန်းခြေငွေစာရင်းဌာနကို ထပ်တိုးရန်ပုံငွေ ၁၉၂၆ သန်း တင်ပြတောင်းခံပြီးတော့ လုပ်ငန်းများဆောင်ရွက်ရန်လျာထားချက်ရှိပါတယ်။ ရန်ပုံငွေ ရရှိမှုပေါ်မှာမူတည်ပြီးတော့ ရှူး-တပ်တောင်ကျေးရွာချင်းဆက်လမ်းကိုလည်း အဆင့်မြှင့်တင်ပေးသွားရန်အစီအစဉ်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**အဆောက်အဦဆောက်လုပ်ခြင်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တစ်နှစ်တစ်ကြိမ်တစ်စတုရန်းပေအပေါ် ဈေးနှုန်းသတ်မှတ်ပေးခြင်းကို ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း (တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ပြည်သူ့လွှတ်တော် ကော်မတီအသီးသီးအနေနဲ့ နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးနှစ်အလိုက်ဆောင်ရွက်မယ့် စီမံကိန်းလုပ်ငန်းများနှင့် ငွေလုံးငွေရင်း အသုံးစရိတ်လျာထားချက်တွေကို စိစစ်သုံးသပ်ပြီးတော့မှ ပြင်ဆင်လျာထားချက်တွေကို အဆိုပြုတင်ပြကြရပါတယ်။ စီမံကိန်း လုပ်ငန်းတွေရဲ့ ငွေလုံးငွေရင်းအသုံးစရိတ်တွေမှာအများအားဖြင့် အဆောက်အဦဆောက်လုပ်တဲ့လုပ်ငန်းနဲ့ လမ်းဆောက်လုပ်တဲ့လုပ်ငန်းတွေပါဝင်ပါတယ်။ အဲ့ဒီဆောက်လုပ်ရေးလုပ်ငန်းတွေရဲ့ တန်ဖိုးတွေကိုစိစစ်တဲ့အခါမှာ ကုန်ကျမယ့်ပစ္စည်းနဲ့ ပစ္စည်းပမာဏရဲ့ ဈေးနှုန်းတွေကိုအမျိုးမျိုး အကွဲကွဲအပြားပြား ခြားနားနေတာကိုတွေ့ရှိရတဲ့အတွက် ကျွန်တော်တို့ကော်မတီတွေအနေနဲ့လုပ်ငန်း တန်ဖိုးကိုစိစစ်တဲ့နေရာမှာ အချိန်ကြန့်ကြာခြင်း၊ နောက်တစ်ခါ မိမိတို့ရဲ့စိစစ်မှုဟာရာခိုင်နှုန်းပြည့် သေချာတယ်လို့စိတ်ထဲမှာ ယတိပြတ်မဖြစ်ခြင်းများ ဖြစ်ပေါ်ခံစားရတာကိုတွေ့ရှိရပါတယ်။ ဥပမာအားဖြင့်ဆိုရင် အချို့အဆောက်အဦတွေ ကျွန်တော်တို့လည်း မိမိအစီအစဉ်နဲ့မိမိပြင်ပမှာ ဆောက်လုပ်လျှုဒါန်းနေတာတွေလည်းရှိပါတယ်။ အဲလိုအဆောက်အဦမျိုးတွေကို ဒီလျာထားချက်မှာ သိန်း ၆၅၀ တန်တဲ့အဆောက်အဦဟာ ကျွန်တော်တို့ ပြင်ပမှာဆောက်တဲ့အခါမှာ သိန်း ၃၅၀ လောက်နဲ့ပြီးသွားတာလည်းပဲ ကျွန်တော်တို့ကိုယ်တိုင် ကြုံတွေ့ရတာမျိုးလည်းရှိပါတယ်။ ဒါကြောင့်

မို့လို့ ကျွန်တော်တို့ကဒီလို စိစစ်တဲ့အခါမှာ ကိုယ့်စိစစ်ချက်ဟာတိတိကျကျနဲ့ အမှန်တကယ် ကုန်ကျမယ့်ကုန်ကျစရိတ်ကို စိစစ်မိရဲ့လားလို့စိတ်ထဲမှာ ခဏခဏသံသယဖြစ်ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေကို တကယ်လုပ်နေတဲ့ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ အမျိုးအစားအလိုက် အရည်အသွေးအလိုက် တစ်စတုရန်းပေပေါ်မှာကုန်ကျမယ့် ပစ္စည်းပမာဏနဲ့ စျေးနှုန်းပေါ်မူတည်ပြီးတော့မှ နှုန်းထားတွေသတ်မှတ်ဆောင်ရွက်နေတာကို ကျွန်တော်တို့သိရှိရပါတယ်။ အကြမ်းဖျင်းဆိုလို့ ရှိရင် R.C အဆောက်အဦမှာဆိုလို့ရှိရင် P.A.E ဆိုတာကတော့ Plinth Area Estimate တစ်စတုရန်းပေပေါ်မှာကုန်ကျမယ့်ငွေပေါ့ခင်ဗျား။ အခုလောလောဆယ်မှာဆိုရင် ကျွန်တော်စုံစမ်းသိရှိရသလောက် P.A.E ဟာ ၂၂၀၀၀ခန့်ရှိတယ်လို့ သိရှိရပါတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ဘတ်ဂျက် ၂၀၁၃-၂၀၁၄ ဘတ်ဂျက်မှာ တချို့တချို့ ကျွန်တော် စာအုပ်တွေလိုက်လေ့လာတဲ့အခါမှာ P.A.E ဟာ ၂၆၀၀၀နဲ့ တင်ပြထားတာကိုလည်းတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီ P.A.E နှုန်းထားတွေကို ကျွန်တော်တို့ကော်မတီအနေနဲ့သိရှိလို့ရှိရင် စီမံကိန်းလုပ်ငန်း ပမာဏတွေကို စိစစ်တဲ့အခါမှာ အနီးစပ်ဆုံးနဲ့ မှန်မှန်ကန်ကန် စိစစ်နိုင်မယ်လို့သုံးသပ်ရပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာ ကတော့ ဘဏ္ဍာရေးနှစ်အလိုက်ဝန်ကြီးဌာနအသီးသီးရဲ့ ငွေလုံးငွေရင်း အသုံးစရိတ်မှာပါဝင်တဲ့ အဆောက်အဦဆောက်လုပ်ခြင်းများနှင့်ပတ်သက်တဲ့ လုပ်ငန်းတွေမှာ စျေးနှုန်းဖောင်းပွမှုမရှိစေဘဲ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရန်အတွက် ဆောက်လုပ်မယ့် အမျိုးအစားအပေါ်မူတည်၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တစ်နှစ်တစ်ကြိမ် တစ်စတုရန်းပေအပေါ် သတ်မှတ်စျေးနှုန်း P.A.E စျေးနှုန်း သတ်မှတ်ပေးခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးမြန်းလိုပါတယ်ခင်ဗျား။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လွင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)** ။ ။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းလင်းမှ ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ မေးမြန်းတဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာနအသီးသီး၏ အသုံးစရိတ်တွင်ပါဝင်သော အဆောက်အဦ ဆောက်လုပ်ခြင်းများနှင့် ပတ်သက်ပြီးတော့ စျေးနှုန်းဖောင်းပွမှုမရှိစေဘဲ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန်အတွက် ဆောက်လုပ်မယ့် အမျိုးအစား ပေါ်မူတည်ပြီး တိုင်းဒေသကြီး/ပြည်နယ်အလိုက်

တစ်နှစ်တစ်ကြိမ် တစ်စတုရန်းပေအပေါ်မှာ ဈေးနှုန်းသတ်မှတ်ပေးခြင်းကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိသိလိုသည့်မေးမြန်းတဲ့မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရုံးချုပ်အနေနဲ့ မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်တဲ့ အဆောက်အဦလုပ်ငန်းများ အတွက် နှစ်စဉ်တစ်နှစ် တစ်ကြိမ် ကျွန်တော်တို့ရန်ကုန်တိုင်းဒေသကြီးကနေပြီးတော့ ဆောက်လုပ်ရေး ပစ္စည်းဈေးနှုန်းများကို အခြေခံပြီးတော့ မိမိတို့တာဝန်ယူ ဆောက်လုပ်ရမယ့် အမျိုးအစားပေါ်မှာ မူတည်ပြီး တစ်စတုရန်းပေအပေါ်မှာ ဈေးနှုန်းကို P.A.E Rate နဲ့ သတ်မှတ်ပေးတာရှိပါတယ်။

ယင်းကဲ့သို့ သတ်မှတ်ရာမှာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း ကျွန်တော်တို့ရဲ့ အခြေခံဈေးနှုန်းအပေါ်မှာမူတည်ပြီးတော့ ဒေသအလိုက်၊ အခြေအနေအလိုက်၊ နေရာအလိုက်ကို သင့်တော်တဲ့ ရာနှုန်း ပေါင်းထည့်ပြီးတော့ ရန်ပုံငွေ လျာထားနိုင်ရန်အတွက်သာကျွန်တော်တို့ဒီ P.A.E Rate ကို ကျွန်တော်တို့သတ်မှတ်ပြီး အသုံးပြုလျက်ရှိပါတယ်။ ဒီအခြေခံစံနှုန်းကို အခြားဝန်ကြီး ဌာနများရဲ့ ရန်ပုံငွေများလျာထားရန်အတွက် တာဝန်ပေးတဲ့အခါမှာလည်းကျွန်တော်တို့ တည်ဆောက် ရေးကော်မတီအနေနဲ့ လျာထားရန်ပုံငွေနှုန်းထားနဲ့ ချိန်ဆပြီးတော့ ကျွန်တော်တို့သတ်မှတ်ပေး လျက်ရှိပါတယ်။ P.A.E ဖြင့် ရန်ပုံငွေလျာထားခြင်းဟာ ကျွန်တော်တို့ ခွင့်ပြုဈေးနှုန်း (Sanctioned rate) တို့၊ ခွင့်ပြုခန့်မှန်းခြေစာရင်း (Sanctioned Estimate) တို့ မဟုတ်ပါဘူး။ P.A.E အနေနဲ့ ကျွန်တော်တို့ တင်ပြတဲ့အဆောက်အဦရဲ့တန်ဖိုးကိုတွက်ချက်တဲ့အခါမှာ အနီးစပ်ဆုံးခန့်မှန်းနိုင်ရန် ကျွန်တော်တို့ တွက်ချက်ထားခြင်းသာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အဆောက်အဦ ဆောက်လုပ်ခြင်းများနှင့်ပတ်သက်၍ ဈေးနှုန်းဖောင်းပွမှုမရှိဘဲ ပြည်သူ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှု မဖြစ်ရန် အတွက် ဆောက်လုပ်မည့်အမျိုးအစားအပေါ်မူတည်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် တစ်နှစ်လျှင်တစ်ကြိမ် တစ်စတုရန်းပေအပေါ်မှာ ဈေးနှုန်းသတ်မှတ်ပေးခြင်းကို ကျွန်တော် တို့ ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်ပါကလည်းကျွန်တော်တို့ ဒီနှုန်းထားများကို တောင်းဆိုလျှင် ကျွန်တော်တို့ပေးဖို့အသင့်ရှိပါတယ်လို့ ပြောကြားရင်းနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။ (ဩဘာသံများ)

**ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်ကိုအများပြည်သူ ဂါရဝပြုနိုင်ရန် အတွက်နေ့စဉ်ဖွင့်လှစ်ထားရန်နှင့် နိုင်ငံတော်အဆင့်ပြုပြင်ထိန်းသိမ်းမှုများရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖြိုးမင်းသိန်း(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ (၁) ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်နေရာများကို အများပြည်သူများ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံတကာ ဧည့်သည်များ လွတ်လပ်စွာ လာရောက် ဂါရဝပြုနိုင်ရန် ပိတ်ရက်မရှိ ဖွင့်လှစ်ပေးထားရန် အစီအစဉ်ရှိ၊ မရှိ။ (၂) အာဇာနည်ဂူဗိမာန်အား နိုင်ငံတော်အဆင့် အခမ်းအနားများကျင်းပနိုင်ရန် အဆင့်အတန်းညီမျှသည့် ပြုပြင်ထိန်းသိမ်း စောင့်ရှောက်မှုများပြုလုပ်ရန် အစီအစဉ်ရှိ၊ မရှိ။ (၃) နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သော နိုင်ငံတကာခေါင်းဆောင်ကြီးများ၏ ခရီးစဉ်တွင် လွတ်လပ်ရေးဗိသုကာကြီး တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အာဇာနည်ဂူဗိမာန်အား လာရောက်ဂါရဝပြုမှု အစီအစဉ် များကို ချစ်ကြည်ရေးခရီးစဉ်များထည့်သွင်းရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လေ့လာရေးအဖွဲ့များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာ အပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မ

ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်း မေးမြန်းထားသည့်မေးခွန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းထားရှိချက်အရ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်ကို နိုင်ငံ့ဂုဏ်ဆောင်အဖြစ် နိုင်ငံတကာမှ လက်ခံထားသည့် အခြေအနေတွင် နိုင်ငံတော်အဆင့်ပြုပြင်ထိန်းသိမ်းမှုများရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဦးစွာဖြေကြားပါမယ်။ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်အဆင့်နှင့်အညီ ပြန်လည်ပြင်ဆင်မွမ်းမံမှုများဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

ကျဆုံးလေပြီးသော မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များ၏ ဂူဗိမာန်ကို အများပြည်သူဂါရဝပြုနိုင်ရန်အတွက် နေ့စဉ်ဖွင့်လှစ်ထားရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အာဇာနည်ဗိမာန်ကို နိုင်ငံတော်အဆင့်နှင့်အညီ ပြန်လည်ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ပြီးပါက အများပြည်သူဂါရဝပြုနိုင် ရန်အတွက် တစ်ပတ်လျှင် ပိတ်ရက်တစ်ရက်သာထားရှိပြီး ဖွင့်လှစ်ရန်စီစဉ်ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်ပြီး နိုင်ငံ့တကာမှ နိုင်ငံခေါင်းဆောင်များ၊ နိုင်ငံခြားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည့်အခါ သွားရောက်ဂါရဝပြုနိုင်ရန် နိုင်ငံတော်ခရီးစဉ်များတွင် ထည့်သွင်းဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာမှ ခေါင်းဆောင်များ၊ အကြီးအကဲများ လာရောက်သည့်အခါ Official Visit သည် နေပြည်တော်ဖြစ်ပါသည်။ ရန်ကုန်မြို့ရှိ ၎င်းတို့စိတ်ဝင်စားသည့်နေရာများကို လည်ပတ်သည့်အစီအစဉ်သည် အိမ်ရှင်နိုင်ငံက ကန့်သတ်ရေးဆွဲပေးခြင်းမဟုတ်ဘဲ ဧည့်သည်၏ သဘောဆန္ဒတောင်းဆိုမှုအရ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဧည့်သည်အဖွဲ့အနေဖြင့် သွားရောက်ဂါရဝပြုလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (ဩဘာသံများ)

**မွန်လူမျိုးတို့၏သုဝဏ္ဏဘူမိဒေသတစ်ခွင် သုတေသနလုပ်ငန်းများဆက်လက်တူးဖော်ခြင်းနှင့် မြန်မာ့သမိုင်းအမွေအနှစ်စာရင်းဝင်အဖြစ်ထည့်သွင်းဖော်ပြပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလှမောင်(ချောင်းဆုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးတို့အား ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပြီး မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင် (ခ) ဦးနိုင်လှမောင်ဖြစ်ပါတယ်။ ယခု ကျွန်တော်တင်ပြဆွေးနွေးမေးမြန်းလိုတာကတော့ သုဝဏ္ဏဘူမိမြို့ဟောင်းလို့ယူဆရတဲ့နေရာနှင့် ဂှင်းပတ်ဝန်းကျင်နေရာများအား ဦးစားပေးအစီအစဉ်များအဖြစ် သုတေသနပြုတူးဖော်ပေးနိုင်ရေးကိစ္စပဲဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်ရှိ ရှေးဟောင်းဒေသတစ်ခုဖြစ်သည့် သုဝဏ္ဏဘူမိမြို့ဟောင်းဟုယူဆရသော သိုက်ကလား၊ အရပ်သည်မ၊ ဝင်းကမြို့ဟောင်းများတွင် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေတူးဖော်သုတေသနပြုလုပ်ပေးရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ တင်ပြမေးမြန်းခဲ့ပြီး ဖြေကြားချက်များကိုရရှိပြီးဖြစ်သော်လည်း လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများ ပီပြင်ပေါ်လွင်စွာမပြုလုပ်နိုင်ခဲ့သည်ကို သုံးသပ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကိစ္စကို ဆက်လက်မေးမြန်းရန်ပြန်လည်တင်ပြခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သုဝဏ္ဏဘူမိမြို့ဟောင်းသည် မြန်မာတစ်မျိုးသားလုံး၏ သမိုင်းအမွေအနှစ်အဖြစ်လည်းကောင်း၊ မွန်လူမျိုးများအတွက် သင်္ကေတပြယုဒ်တစ်ခုအဖြစ်လည်းကောင်း၊ ပျူယဉ်ကျေးမှုနှင့် မွန်ယဉ်ကျေးမှုတို့၏ပတ်သက်ဆက်နွယ်မှုကို ပေါ်လွင်ထင်ရှားစွာ သိရှိဖော်ထုတ်နိုင်ခြင်းဖြင့် တိကျခိုင်လုံသော ဖြေရှင်းချက်ပေးနိုင်မည့် နေရာဒေသတစ်ခုဖြစ်နိုင်ပါသဖြင့် အထူးအစီအစဉ်ဖြင့်တူးဖော်ပေးရန် သင့်တော်ပါကြောင်းအကြံပြုလိုပါတယ်။ သို့သော် ယခုအချိန်အထိ တူးဖော်ရှာဖွေစုံစမ်းမှု အလွန်နည်းပါးသေးပါသဖြင့် အရှိန်အဟုန်မြှင့်တူးဖော်ရှာဖွေနိုင်ရေးအတွက် စီမံကိန်းများတိုးမြှင့် ချမှတ်ပေးနိုင်ပါရန် အလေးအနက်တင်ပြလိုပါတယ်။ အဆိုပါ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများကို ရှာဖွေတူးဖော်ရာတွင်အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ သုတေသီပညာရှင်များ၊ ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာတိုင်းရင်းသားပညာရှင်အစုအဖွဲ့တို့ကိုပါ

လက်တွဲပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန်လည်းလိုအပ်မည်ဖြစ်ပါကြောင်းနှင့် ဤကဲ့သို့ ပညာရှင်အစုအဖွဲ့စုံလင်ခြင်းအားဖြင့် တိကျသေချာခိုင်မာမှန်ကန်သောအဖြေများ ဖော်ထုတ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် မူဝါဒများ၊ စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ စီမံဆောင်ရွက်လျက်ရှိနေပါကြောင်း ဖြေကြားထားပါသော်လည်း ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေဖော်ထုတ်မှုအားနည်းပါလျှင် ရှေးဟောင်းပစ္စည်းအချို့တို့သည် မသမာသူလက်ဝယ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ရာသီဥတုဒဏ်ကြောင့်လည်း ရှေးဟောင်းအုတ်ခွက်များ၊ ကျောက်ခွက်များ၊ ကျောက်ပြားများနှင့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းဟောင်းတို့သည် ပျောက်ဆုံးပျက်စီးခြင်းများဖြစ်နိုင်ပါသဖြင့် ကြိုတင်ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ထားရန် အထူးလိုအပ်လှပါကြောင်း အကြံပြုတင်ပြလိုပါတယ်။ သို့ဖြစ်ပါ၍ မေးလိုသည့်မေးခွန်းမှာ သမိုင်းအထောက်အထား ခိုင်လုံစွာရှိနေသော မွန်လူမျိုးတို့၏ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ထွန်းခဲ့သည့် သုဝဏ္ဏဘူမိဒေသတစ်ခွင်တွင် အထူးအစီအစဉ်ဖြင့် သုတေသနလုပ်ငန်းများဆက်လက်တူးဖော်ခြင်းနှင့် သမိုင်းအထောက်အထားများ တွေ့ရှိချက်များအပေါ် မူတည်၍ မြန်မာ့သမိုင်းအမွေအနှစ်စာရင်းဝင်အဖြစ် ထည့်သွင်းဖော်ပြပေးရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်စန္ဒာခင်(ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယခုဆက်လက်ပြီး မွန်ပြည်နယ်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်(ခ)ဦးနိုင်လှမောင်မေးမြန်းသည့် သမိုင်းအထောက်အထားခိုင်လုံစွာရှိသော မွန်လူမျိုးတို့၏ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ထွန်းခဲ့သည့် သုဝဏ္ဏဘူမိဒေသတစ်ခွင်တွင် သုတေသနလုပ်ငန်းဆက်လက်တူးဖော်ခြင်းနှင့် မြန်မာ့သမိုင်းအမွေအနှစ်စာရင်းဝင်အဖြစ် ထည့်သွင်းဖော်ပြပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်ပတ်သက်ပြီး ဆက်လက်ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်ရှင်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်းခဲ့သောမေးခွန်းဖြစ်သည့် သုဝဏ္ဏဘူမိမြို့ဟောင်းဆိုင်ရာယဉ်ကျေးမှုအမွေအနှစ် ရှာဖွေဖော်ထုတ်သုတေသနပြုခြင်းနှင့် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းအကြောင်းကိုမဖြေကြားခင်မှာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ မွန်ပြည်နယ်ရှိ ရှေးဟောင်းယဉ်ကျေးမှု

အမွေအနှစ်အထောက်အထားများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းခဲ့မှုနှင့်ပတ်သက်၍ ဦးစွာတင်ပြလိုပါတယ်ရှင်။ မွန်ပြည်နယ်ရှိ ယဉ်ကျေးမှုအမွေအနှစ် ရှာဖွေဖော်ထုတ်ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းကို ကိုလိုနီခေတ်တွင်လည်းကောင်း၊ လွတ်လပ်ရေးရပြီးခေတ်မှ ယနေ့ခေတ်အထိ ခေတ်အဆက်ဆက် ရှေးဟောင်းသုတေသနပညာရှင်များ၊ သမိုင်းပညာရှင်များမှ ကွင်းဆင်းလေ့လာမှတ်တမ်းတင်ခြင်း၊ တူးဖော်သုတေသနပြုခြင်းနှင့် ရရှိသောယဉ်ကျေးမှုအမွေအနှစ်တို့ကို ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ အမျိုးသားအဆင့်ယဉ်ကျေးမှုအမွေအနှစ်အထိန်းအမှတ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းခြင်းတို့ကို အောက်ပါအတိုင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်ရှင်-

(က) မွန်ပြည်နယ်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသအချို့တို့အား ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန် ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ် အမျိုးသားအမွေအနှစ်စာရင်းအဖြစ်သတ်မှတ်ခြင်း၊ ဒီလိုသတ်မှတ်တဲ့အခါမှာ ယခုအချိန်အထိ ကျိုက်ထီးရိုးဘုရားနှင့် တောင်ထွဋ်နယ်မြေကိုလည်းကောင်း၊ ကျိုက်မရောဒေသမှာရှိတဲ့ ခရုံဂူတို့ကိုလည်းကောင်း အမျိုးသားအမွေအနှစ်စာရင်းသတ်မှတ်ခြင်းသတ်မှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

(ခ) နိုင်ငံတော်မှစောင့်ရှောက်ပြုပြင်သော ရှေးဟောင်းအဆောက်အအုံများစာရင်းတွင်သတ်မှတ်ခြင်း။ အဲ့လိုသတ်မှတ်တဲ့အခါမှာတော့ ယခုအခါအထိ သထုံမြို့ရိုးဟောင်း၊ ဇုတ်သုတ်ကျေးရွာမှာရှိတဲ့ ဂဝံကျောက်တို့ဖြင့်ပြုလုပ်ထားတဲ့ ဆင်တပ်၊ မြင်းတပ်ဖြစ်ပါတယ်။

(ဂ) ဘီးလင်းမြို့နယ်မှာရှိတဲ့ ဝင်းက၊ အရပ်သည်မဒေသများကို တူးဖော်သုတေသနပြုခြင်း၊ ကျိုက္ကသာ မြို့ဟောင်းတူးဖော်သုတေသနပြုခြင်း၊ ဝေါခရူမြို့ဟောင်းတူးဖော်သုတေသနပြုခြင်း၊ သထုံမြို့ဟောင်းတူးဖော်သုတေသနပြုခြင်းတို့ဖြစ်ပါတယ်။

(ဃ) ရာမညဒေသနှင့် ပတ်ဝန်းကျင်ရှေးဟောင်းသုတေသနဆိုင်ရာ မှတ်တမ်းအထောက်အထားများ၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်းရှိ ဂဝံယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများ၊ မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ ယဉ်ကျေးမှုအထောက်အထားများ မှတ်တမ်းတင်စုဆောင်းထားရှိခြင်းတို့ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး အကြံပြုတင်ပြထားတဲ့ သုဝဏ္ဏဘူမိမြို့ဟောင်းသည် မြန်မာနိုင်ငံသားအားလုံး၏ သမိုင်းအမွေအနှစ်အဖြစ်လည်းကောင်း၊ မွန်လူမျိုးများအတွက် သင်္ကေတပြယုဒ်တစ်ခုအဖြစ်လည်းကောင်း၊ ပျူယဉ်ကျေးမှုနှင့် မွန်တို့၏ယဉ်ကျေးမှုပတ်သက်ဆက်နွယ်မှုကို ပေါ်လွင်ထင်ရှားသိရှိဖော်ထုတ်နိုင်ခြင်းဖြင့် တိကျခိုင်လုံသောဖြေရှင်းချက်ပေးနိုင်မည့် နေရာဒေသတစ်ခုဖြစ်နိုင်ပါသဖြင့် အထူးအစီအစဉ်ဖြင့်တူးဖော်သင့်ပါကြောင်း အကြံပြုတင်ပြချက်နှင့်ပတ်သက်၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုပါတယ်။ ဤကိစ္စနှင့်ပတ်သက်၍ ၂၀၁၂ ခုနှစ် နှစ်ကုန်ပိုင်းနှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သောအဖွဲ့သည် သထုံမြို့ရှိ နန်းတော်ရာဟုယူဆရသောနေရာ၊ ဘီးလင်းမြို့နယ်ရှိ ဝင်းက၊ အရပ်သည်မကျေးရွာရှိ တူးဖော်သုတေသနပြုခဲ့သောနေရာများ၊ ဇုတ်သုတ်ကျေးရွာ ဂဝံကျောက်တို့ဖြင့် ပြုလုပ်ဖန်တီးခဲ့သော ဆင်တပ်၊ မြင်းတပ်နှင့် မြို့ဟောင်းအထောက်အထားနေရာများကို ကွင်းဆင်းလေ့လာခဲ့ခြင်း၊ မော်လမြိုင်ဌာနခွဲတာဝန်ခံနှင့် မွန်ပြည်နယ် ယဉ်ကျေးမှုတာဝန်ခံတို့မှ ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် သထုံမြို့နယ်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်အထောက်အထားများကို ထပ်မံကွင်းဆင်းလေ့လာခဲ့ပြီး ဖော်ပြပါတွေ့ရှိချက်ရလဒ်တို့အပေါ်မူတည်ပြီး ရှေ့ဘဏ္ဍာရေးနှစ်များ၌ ဆောက်ရွက်ရန် စီစဉ်ခဲ့ပြီးဖြစ်ပါတယ်ရှင်။ သုတေသနပြုထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေများလည်းလျာထားတောင်းခံထားရှိပြီးဖြစ်ပါတယ်ရှင်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များအား ရာသီဥတုဒဏ်ကြောင့်လည်းကောင်း၊ မသိနားမလည်သူတို့ဖျက်ဆီးခြင်းကြောင့်လည်းကောင်း၊ မသမာသူတို့ ပြည်ပသို့ခိုးယူရောင်းချခြင်းကြောင့်လည်းကောင်း ပျောက်ဆုံးပျက်စီးဆုံးရှုံးမှုများမဖြစ်စေရေးအတွက်လည်း ဌာနဝန်ထမ်းများနှင့် မိမိတို့ကိုယ်တိုင်လည်း ဒေသခံပြည်သူများနဲ့တွေ့ဆုံဆွေးနွေးခြင်း၊ အသိပညာပေးခြင်းများဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသော သုဝဏ္ဏဘူမိမြို့ဟောင်းဆိုင်ရာကိစ္စနှင့်ပတ်သက်၍လည်း ခိုင်မာပြည့်စုံသည့်အထောက်အထားများ၊ အကြံပြုချက်များရရှိနိုင်ရန်အတွက် ယဉ်ကျေးမှုဝန်ကြီးဌာနမှဦးစီးပြီး ရှေးဟောင်းသုတေသနပညာရှင်များ၊ သမိုင်းပညာရှင်များ၊ ပထဝီနှင့် ဘူမိဗေဒဆိုင်ရာပညာရှင်များ၊ သုတေသီများ၊ ဒေသခံများနှင့် သက်ဆိုင်ရာတိုင်းရင်းသားပညာရှင်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်သွားရန်လည်း စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ ဤအလုပ်ရုံဆွေးနွေးပွဲရလဒ်အပေါ်

မူတည်ပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ ၂ နေရာ၊ ၃ နေရာခန့် ရွေးချယ်တူးဖော်သုတေသနပြုလုပ်သွားမည်ဖြစ်ပြီး နောင်နှစ်များမှာလည်း ဆက်လက်ပြီးတော့ တူးဖော်သုတေသနပြုလုပ်သွားရန် စီမံချက်ရေးဆွဲထားရှိပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သုဝဏ္ဏဘူမိယဉ်ကျေးမှုအမွေအနှစ်အထောက်အထားရှာဖွေဖော်ထုတ်မှုအပေါ်အခြေပြုပြီး မွန်ပြည်နယ်အတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်တို့အား

(က) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ကွင်းဆင်းလေ့လာတူးဖော်သုတေသနပြုခြင်း

(ခ) ရှေ့ဘဏ္ဍာရေးနှစ်များတွင်လည်းကောင်း၊ ၂၀၁၅-၂၀၂၀ နှစ်များအထိလည်းကောင်း တူးဖော်သုတေသနပြုခြင်း

(ဂ) တူးဖော်တွေ့ရှိသော ယဉ်ကျေးမှုအမွေအနှစ်တို့အား ထိန်းသိမ်းခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်း

(ဃ) ခိုင်မာသောသမိုင်းအထောက်အထားတွေ့ရှိချက်များရရှိလာပါက အမျိုးသားအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားခြင်း

စသည်တို့ကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယမန်နေ့က အမျိုးသမီးများအခွင့်အရေးနဲ့စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးသွားခဲ့တာရှိပါတယ်။ ဒီနေ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများလာရောက်ဖြေဆိုတဲ့အခါမှာ ၂၅ ရာခိုင်နှုန်းသာပါရှိပြီး ၃၀ ရာခိုင်နှုန်းမပြည့်ကြောင်းလည်းတွေ့ရှိရမှာဖြစ်ပါတယ်။ မနေ့က ဆွေးနွေးချက်တွေမှာ အမျိုးသမီးများရဲ့အခွင့်အရေးများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအတွင်းမှာ အပြည့်အဝရှိပါတယ်ဆိုတာလည်း ဖြေကြားခဲ့ပါတယ်။ အဲဒီလို ဖြေကြားပြီး လွှတ်တော်ကို ခဏရပ်နားတဲ့အချိန်မှာ လွှတ်တော်အတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အမျိုးသမီးရဲ့အခွင့်အရေးဟာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ရိုက်ပုတ်လိုက်တယ်ဆိုတဲ့ သတင်းဟာလည်း Sky Net မှာ ပေါ်သွားတယ်လို့သိရပါတယ်။ သို့ရာတွင် အရိုက်ခံလိုက်ရတဲ့ပုဂ္ဂိုလ်ကလည်း ကျေကျေနပ်နပ်လက်ခံကြောင်းတွေ့ရှိရတယ်လို့ သတင်းထွက်ပေါ်ပါတယ်။ ဒါသည်ပင် အမျိုးသမီးများကို ကျွန်တော်တို့နိုင်ငံမှာ မည်မျှထိအခွင့်အရေးပေးထားတယ်ဆိုတာ

ပေါ်လွင်ကြောင်းသက်သေပဲဖြစ်ပါတယ်။ အဲဒီနည်းတူပဲ ကျွန်တော်တို့ လွှတ်တော်ထဲမှာ တက်ရောက်နေကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကျန်တဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းကူညီပြီး ခုံများရွှေ့ပေးခြင်းအပါအဝင် အခြားအကူအညီများလည်းတွေ့ရှိနေရမှာဖြစ်တဲ့အတွက် မနေ့က အမျိုးအသမီးများအခွင့်အရေးနဲ့စပ်လျဉ်းပြီး ဆွေးနွေးမှုဟာ အောင်မြင်တဲ့ ဆွေးနွေးမှုဖြစ်ပြီး အမှန်တကယ်လည်း ကျွန်တော်တို့နိုင်ငံအတွင်းမှာ အမျိုးသမီးများရဲ့အခွင့်အရေးကို အပြည့်အဝပေးထားကြောင်း အလျဉ်းသင့်လို့ပြန်လည်တင်ပြရပါတယ်။ ကျွန်တော်တို့ အိမ်ပြန်ရောက်တဲ့အခါမှာ ကျွန်တော်တို့ လွှတ်တော်အစည်းအဝေးကိုစောင့်ကြည့်နေကြတဲ့ အမျိုးသမီးတစ်ဦးက လွှတ်တော်အစည်းအဝေးအပြီးမှာ နာမည်နဲ့တကွဖော်ပြပြီးတော့ အနီးအနားမှာရှိတဲ့ တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးကို ရိုက်လိုက်တယ်။ ရိုက်လိုက်တယ်ဆိုတာ နာအောင်ရိုက်တာ မဟုတ်ဘူးဆိုတာ Sky Net ထဲမှာပေါ်သွားတယ်လို့ပြောပါတယ်။ သို့ရာတွင် အားလုံးလည်း နားလည်တယ်ဆိုတဲ့ အကြောင်းလေးတွေကိုပါ အခုလိုပြောတဲ့အတွက် စိုးရိမ်မှုမရှိပါနဲ့ အားလုံးနားလည်ပါတယ်ဆိုတဲ့ အကြောင်းပြောခြင်းဖြစ်ပါတယ်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်သည့်ကျပ် ၅၀၀၀ တန်များ ရွက်ရေမည်မျှ ရှိသည်၊ ကျပ် ၅၀၀၀ တန်အတုများ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်အသီးသီးတွင် လည်ပတ်မှုရှိနေပါက မည်ကဲ့သို့ ထိန်းချုပ်မည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇော်ထွန်း(မိုးမောက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မိုးမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လူကြီးမင်းများခင်ဗျား။ ယခုမေးခွန်းဖြစ်ပေါ်လာရတဲ့ အကြောင်းအရင်းအချက်နှစ်ချက်ဖြင့် အနည်းငယ်ရှင်းပြလိုပါတယ်။ ကျွန်တော်တို့ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ပြင်ဦးလွင်ဘဏ်မှ မိမိ၏မိတ်ဆွေ ပြည်သူ့ဝန်ထမ်းပါပဲ။ အင်းဝဘဏ်မှငွေထုတ်ပြီး ကမ္ဘောဇဘဏ်သို့ ငွေလွှဲရာတွင် ကမ္ဘောဇဘဏ်ကနေပြီးတော့မှ ကျပ် ၅၀၀၀ တန်တစ်ရွက်ကို ဆွဲထုတ်လာပြီး ဒါအတုပါဆိုပြီး အင်းဝဘဏ်တံဆိပ်တောင်မဖြုတ်သေးဘဲ ပြောကြားလာပါတယ်။ ပြီးတော့ ၎င်း ကျပ် ၅၀၀၀ တန်အတုကို လုပ်ထုံးလုပ်နည်းအရ မလုပ်ဘဲ ကျပ် ၅၀၀၀ တန်အား ကျပ် ၂၅၀၀ ဖြင့် လဲလှယ်မယ်ဆိုပြီး ၎င်းကမ္ဘောဇဘဏ်က ပြောလာသည်ကိုပဲ သက်ဆိုင်ရာကာယကံရှင်မှ ဖုန်းဖြင့် အကြောင်းကြားလာပါတယ်။ လုပ်ထုံးလုပ်နည်းအရပြောရမယ်ဆိုရင် ကျပ် ၅၀၀၀ ငွေအတုကို

တွေ့ရှိပါက ကိုင်ဆောင်လာသူကို စုံစမ်းစစ်ဆေးခြင်း၊ ကျပ်ငွေကို Marker လုပ်ခြင်း၊ ဆုတ်ဖြဲခြင်း စသည်တို့ကို ပြုလုပ်ရမယ်ဆိုတာ သိရှိရပါတယ်။ ကျပ် ၅၀၀၀ တန်အတုကို ၂၅၀၀ နဲ့လဲမယ်ဆိုတော့ ဒါဟာမဖြစ်သင့်ဘူးလို့ ယုံကြည်တဲ့အတွက် စိတ်ထဲမှာ ကသိကအောင့်ဖြစ်မိပါတယ်။ မိမိ၏မိတ်ဆွေကလည်း ပြည်သူ့ဝန်ထမ်းတစ်ဦးဆိုတော့ ၎င်းကျပ် ၅၀၀၀ တန်အတုအား ပြန်ယူလာပြီး အင်းဝဘဏ်သို့ ပြန်ပေးလာပြီးတော့ ကျပ် ၅၀၀၀ တန်အတုကိုပြန်လာလဲပါတယ်။ အဲဒီအချိန်မှာ အင်းဝဘဏ်ကလည်း မလဲပေးပါဘူး။ မလဲပေးတဲ့ အနေအထားမှာ သူကနေပြီးတော့ အင်တာနက် ပေါ်မှာတင်မယ်ဆိုတဲ့စကားပြန်ပြောလိုက်တဲ့အခါမှာမှ ၅၀၀၀ တန်ကို ချက်ချင်းပြန်လဲပေးပါတယ်။ အဲဒီဟာဆိုလို့ရှိရင် သုံးသပ်ရရှိမိတာက ဘာဖြစ်လို့လဲဆိုတော့ ဘဏ်တွေအချင်းချင်းတောင် ၅၀၀၀ တန်အတုတွေ လည်ပတ်နေပြီးလားဆိုပြီးတော့ ဘဏ်မှာတောင် တကယ်လို့ ဒါမျိုးဖြစ်နေပြီးဆိုလို့ရှိရင် ကျွန်တော်တို့ ပြည်သူတွေမှာရော ဘယ်လောက်ထိဖြစ်နေပြီလဲ။ ကျွန်တော်တို့ ပြည်သူဆိုလို့ရှိရင် ကျွန်တော့်ဆီကို ရောက်လာတယ်ဆိုလို့ရှိရင် ၅၀၀၀ တန်ရောက်လာတယ်ဆိုလို့ရှိရင် တခြားနေရာမှာ သွားသုံးလို့ရတယ်ဆိုလို့ရှိရင် အစစ်လို့ပဲ ကျွန်တော်တို့ အနေနဲ့ ယုံကြည်မိပါတယ်။ ဒါကြောင့်မို့လို့ အချက်နှစ်အနေနဲ့ ဒီလွန်ခဲ့တဲ့ လကပဲ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျွန်တော်တို့ ဗန်းမော်မြို့နယ်မှာပေ့ါနော်။ ရွှေဆိုင်တစ်ခုကနေပြီးတော့မှ ကျပ် ၅၀၀၀ တန်အတုကို ၂၈ ရွက်ဖမ်းမိပါတယ်။ ၎င်းကိစ္စကို စုံစမ်းစစ်ဆေးရာတွင် မံစီမြို့နယ်၊ စီအူကျေးရွာ သစ်ခိုးထုတ်တဲ့နေရာကနေရရှိလာကြောင်း သိရှိရပါတယ်။ ထို့အတွက်ကြောင့်လည်း ကျွန်တော်တို့ ဗန်းမော်မြို့နယ်နှင့် အခြားဆက်စပ်နေတဲ့ မြို့နယ်မှာ ၎င်းကျပ် ၅၀၀၀ တန်ကို စျေးရောင်းစျေးဝယ်ပဲဖြစ်ဖြစ်၊ တခြားကိစ္စပဲ ဖြစ်ဖြစ် ယူရမှာကို အင်မတန်မှကြောက်ရွံ့နေကြပါပြီ။ ထို့အတွက်ကြောင့်မို့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းသုံးခုအား ဖြေကြားပေးနိုင်ပါရန် မေးမြန်းအပ်ပါတယ်။ (၁) ယခုနေ့ရက်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်လုပ်သည့် ကျပ် ၅၀၀၀ တန်များ ရွက်ရေမည်မျှရှိသည်ကို သိရှိလိုပါသည်။ (၂) ကျပ် ၅၀၀၀ တန်အတုများ မြန်မာနိုင်ငံအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်အသီးသီးတွင် လည်ပတ်မှု ရှိနေနိုင်ပါသလား။ (၃) အကယ်၍ အဆိုပါကျပ် ၅၀၀၀ တန်အတုများကိုလည်ပတ်နေပါက မည်ကဲ့သို့ ထိန်းချုပ်ရန်အစီအစဉ်ရှိပါသလဲ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မိုးမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းရဲ့ မေးခွန်းသုံးခုဖြစ်တဲ့ ယခုနေ့ရက်အထိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်သည့် ကျပ် ၅၀၀၀ တန်ရွက်ရေ မည်မျှရှိသည်။ ကျပ် ၅၀၀၀ တန်အတုများ မြန်မာနိုင်ငံတော်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်အသီးသီးတွင် လည်ပတ်မှုရှိနေနိုင်ပါသလား။ အကယ်၍ အဆိုပါကျပ် ၅၀၀၀ တန်အတုများလည်ပတ်နေပါက မည်ကဲ့သို့ထိန်းချုပ်ရန်အစီအစဉ်ရှိပါသနည်းစသည့်မေးခွန်းများနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ ပထမဦးဆုံးမေးခွန်းဖြစ်တဲ့ ယခုနှစ်ရဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှထုတ်ဝေတဲ့ ကျပ် ၅၀၀၀ တန်ရွက်ရေမည်မျှရှိသည်ဆိုတဲ့မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၃၁-၁-၂၀၁၃ ရက်နေ့အထိ ထုတ်ဝေထားတဲ့ ကျပ် ၅၀၀၀ တန် ငွေစက္ကူအရေအတွက် တန်ဖိုးပမာဏမှာ ကျပ် ၂၈၀၀ ဘီလီယံကျော်ရှိကြောင်းတင်ပြလိုပါတယ်။ ဆက်လက်ပြီး ဒုတိယမေးခွန်းဖြစ်တဲ့ ကျပ် ၅၀၀၀ တန်အတုများ မြန်မာနိုင်ငံတော်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်အသီးသီးမှာလည်ပတ်မှုရှိနေနိုင်ပါသလားဆိုတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျပ် ၅၀၀၀ တန်အတုများဟာ မြန်မာနိုင်ငံတော်အတွင်းရှိ ဘဏ်များမှာ မလည်ပတ်နိုင်စေဖို့အတွက် ငွေကြေးဆိုင်ရာစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနဲ့ ငွေစက္ကူအတုအစစ်ခွဲခြားတဲ့ စက်များဖြင့်ပါ ကြပ်ကြပ်မတ်မတ်ဆောင်ရွက်လျက်ရှိနေပေမယ့်လည်း ဘဏ်များမှာ လည်ပတ်နေတဲ့ ငွေကြေးပမာဏအရဘဏ်များမှာ ငွေစက္ကူအတုတွေ လက်ခံရရှိနိုင်မှု ရှိနိုင်ပါတယ်။ သို့သော်လည်းပဲ လည်ပတ်သုံးစွဲနိုင်လောက်တဲ့ အရည်အတွက်တော့ မရှိနိုင်ပါဘူး။ ကျပ် ၅၀၀၀ တန်ငွေစက္ကူစတင် ထုတ်ဝေတဲ့ ၁-၁၀-၂၀၀၉ ရက်နေ့မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိ ကာလအတွင်းမှာ ၅၀၀၀ ကျပ်တန် ငွေစက္ကူအတု ၃၇၅၈ ရွက် တန်ဖိုးအားဖြင့် ကျပ် ၁၈၇၉၀၀၀၀ ကို စစ်ဆေးလက်ခံရရှိခဲ့တဲ့ အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှုခင်းတပ်ဖွဲ့မျူးရုံးကို ပေးပို့အပ်နှံခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးတော့မှ တတိယမေးခွန်းဖြစ်တဲ့ အကယ်၍ အဆိုပါကျပ် ၅၀၀၀ တန်အတုများ လည်ပတ်နေပါက မည်ကဲ့သို့

ထိန်းချုပ်ရန် အစီအစဉ်ရှိပါသနည်းမေးခွန်းကို ရှင်းလင်းဖြေကြား သွားမှာ ဖြစ်ပါတယ်။ ကျပ် ၅၀၀၀ တန်အတုများဟာ အထက်မှာတင်ပြသလိုပဲ ဘဏ်များမှာမလည်ပတ်နိုင်ပေမယ့်လည်း စီးပွားရေး လောကမှာ လည်ပတ်နေနိုင်ပါတယ်။ ဒီအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးလုပ်ငန်း စီမံခန့်ခွဲမှုဌာနရဲ့ ငွေကြေးဆိုင်ရာစည်းမျဉ်းများနဲ့ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၄၁ ပါ ပြဋ္ဌာန်းချက်များ အတိုင်း ကျွန်တော်တို့ အတုအစစ်တွေခွဲခြားနိုင်အောင် ပညာပေးခြင်း၊ တွေ့ရှိပါက အမှုဖွင့်တိုင်ကြား အရေးယူခြင်း၊ အတုအစစ်ခွဲခြားတဲ့ စက်များအသုံးပြုခြင်းစသည်ဖြင့် ထိန်းချုပ်နိုင်ရန်ဆောင်ရွက် လျက်ရှိနေပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တရားဝင်သုံးစွဲလျက်ရှိသော ငွေစက္ကူများ ဆိုဒ်တူ၊ အရွယ်တူဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်း ရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တရားဝင် သုံးစွဲလျက်ရှိသော ငွေကြေးများနဲ့စပ်လျဉ်း၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ(င)တွင် နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဟုပြဋ္ဌာန်းပါရှိပါတယ်။ နိုင်ငံတော်က တရားဝင် သုံးစွဲနေသော ငွေကြေးကို အာမခံချက်ပေးထားခြင်းကြောင့် သုံးစွဲသူပြည်သူများက စိုးရိမ်စိတ်၊ သောကစိတ်မရှိဘဲ ကျေနပ်မှုများဖြင့် သုံးစွဲလျက်ရှိကြောင်းတွေ့မြင်ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်တွင် တရားဝင်သုံးစွဲလျက်ရှိသော ၂၀၀ ကျပ်တန်၊ ၅၀၀ ကျပ်တန်၊ ၁၀၀၀ ကျပ်တန်ငွေစက္ကူများသည် အဟောင်းမှာ ဆိုဒ်ကြီးပြီး အသစ်မှာ ဆိုဒ်သေးများဖြစ်နေခြင်းကြောင့် အဟောင်းအသစ်ရောနှော နေရာတွင် ပုံသဏ္ဍာန်အရလည်းကောင်း၊ ရေတွက်ရာတွင်လည်းကောင်း၊ အခက်အခဲများ ကြုံတွေ့နေကြရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တရားဝင်သုံးစွဲလျက်ရှိသော ၂၀၀ ကျပ် တန်၊ ၅၀၀ ကျပ်တန်၊ ၁၀၀၀ ကျပ်တန် ငွေကြေးများကို အချို့မှာ ဟောင်းနွမ်းနေခြင်း၊ အချို့မှာ ဖြူလျော့လျော့ဖြင့် အရောင်ပျက်နေခြင်းတို့ကြောင့် ဈေးဝယ်ဈေးရောင်းကိစ္စများတွင် မယူဘူး၊ မရဘူး ဆိုပြီး စကားများ ရန်ဖြစ်သည့်အခြေအနေမျိုးလည်း ပေါ်ပေါက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအလို့ငှာ အောက်ပါမေးခွန်းများအား မေးမြန်းရခြင်းဖြစ်ပါသည်။ မေးခွန်း(၁) တရားဝင်သုံးစွဲလျက်ရှိသော ၂၀၀ ကျပ်တန်၊ ၅၀၀ ကျပ်တန်၊ ၁၀၀၀ ကျပ်တန် ငွေစက္ကူများကို ဆိုဒ်တူ၊ အရွယ်တူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ မေးခွန်း(၂) အဆိုပါဆိုဒ်ကြီးငွေစက္ကူအဟောင်းများအား ပြန်လည်သိမ်းဆည်းပြီး ဆိုဒ်တူ၊ အရွယ်တူငွေစက္ကူများ ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ မေးခွန်း(၃) တရားဝင်သုံးစွဲလျက်ရှိသော အဆိုပါငွေစက္ကူများအား ဆိုဒ်တူ၊ အရွယ်တူ သုံးစွဲနိုင်ရေးအတွက် မည်သည့်အချိန်မှာ ဆောင်ရွက်ပေးနိုင်မည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီရဲ့ တရားဝင်သုံးစွဲလျက်ရှိသော ၂၀၀ ကျပ်တန်၊ ၅၀၀ ကျပ်တန်၊ ၁၀၀၀ ကျပ်တန်၊ ငွေစက္ကူအဟောင်းများ ပြန်လည်သိမ်းဆည်းပြီး ဆိုဒ်တူ၊ ရွယ်တူငွေစက္ကူများ ထုတ်ပေးရန်၊ တရားဝင်သုံးစွဲလျက်ရှိသော အဆိုပါငွေစက္ကူများအား ဆိုဒ်တူ၊ ရွယ်တူသုံးစွဲနိုင်ရေးအတွက် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်နည်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းဖြေကြားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ပုံစံ ခြင်္သေ့မင်းရုပ်ပုံပါ CBM Lion အရွယ်အစားအကြီး ၂၀၀ ကျပ်၊ ၅၀၀ ကျပ်နှင့် ၁၀၀၀ ကျပ်တန်ငွေစက္ကူတွေကို ဖော်ပြပါအတိုင်း ထုတ်ဝေခဲ့ပါတယ်။ ၂၀၀ ကျပ်တန် ငွေစက္ကူကိုတော့ စတင်ထုတ်ဝေတာက ၂၇-၃-၁၉၉၀ မှာဖြစ်ပါတယ်။ ၅၀၀ ကျပ်တန်ငွေစက္ကူကိုတော့ ၂၇-၃-၁၉၉၄ ထုတ်ဝေပြီးတော့ ၁၀၀၀ ကျပ်တန်ငွေစက္ကူကို ၂၅-၁၁-၁၉၉၈ မှာ ထုတ်ဝေခဲ့ပါတယ်။ အရွယ်အစားအားဖြင့်တော့ ဆိုဒ်ကြီးဖြစ်ပြီးတော့ အလျား ၁၆၇ မီလီမီတာနှင့် အနံ ၈၀ မီလီမီတာ ဖြစ်ပါတယ်။ အထက်ပါ ငွေစက္ကူတွေဟာ နိုင်ငံတကာသုံး ငွေကြေးအရွယ်အစားထက်ကြီးနေတဲ့အတွက် နိုင်ငံတကာသုံးငွေစက္ကူအရွယ်အစားဆိုဒ်နဲ့အညီ ကေသရာဇာ ခြင်္သေ့မင်းရုပ်ပုံပါ CBM King Lion ငွေစက္ကူအသစ်တွေကို ၁၁-၁၀-၂၀၀၄ ရက်နေ့မှာ ဖော်ပြပါအရွယ်အစားအတိုင်း ထုတ်ဝေခဲ့ပါတယ်။ အရွယ်အစားအားဖြင့် အလျား ၁၅၀ မီလီမီတာနှင့် အနံ ၇၀ မီလီမီတာဖြစ်ပါတယ်။ ယင်းသို့ အရွယ်အစားသေးငွေစက္ကူများ ထုတ်ဝေပြီးတဲ့နောက်မှာ အရွယ်အစားကြီး ငွေစက္ကူတွေကို

ဘဏ်များနဲ့ လူပုဂ္ဂိုလ်များကို ပြန်လည်ထုတ်ဝေခြင်းမပြုတော့ပဲ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကဘဏ်များ လက်ဝယ်မှာရှိတဲ့ ၂၀၀ ကျပ်၊ ၅၀၀ ကျပ်၊ ၁၀၀၀ ကျပ်တန် CBM Lion အရွယ်အစားကြီး ငွေစက္ကူတွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပေးသွင်းလာပါက လက်ခံပြီး ယင်းဘဏ်များသို့ CBM King Lion အရွယ်အစားသေး ငွေစက္ကူများကိုသာ ထုတ်ဝေဖြန့်ဖြူး လျက်ရှိပါတယ်။ အလားတူပင် ပြည်သူများက CBM King Lion အရွယ်အစားကြီး ငွေစက္ကူများကို လာရောက်လဲလှယ်ခဲ့ပါကလည်း CBM King Lion အရွယ်အစားသေး ငွေစက္ကူများနဲ့ ပြန်လည်လဲလှယ်ပေးလျက်ရှိပါတယ်။ သို့ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ အပြည်ပြည်ဆိုင်ရာ ငွေကြေးနဲ့အရွယ်တူ အရွယ်အစားတူ ငွေစက္ကူများကိုသာ ၁၁-၁၀-၂၀၀၄ ရက်နေ့မှစ၍ယနေ့တိုင် ထုတ်ဝေလျက်ရှိပြီး လက်ခံရရှိတဲ့ ငွေစက္ကူအရွယ်အစားကြီးများကို ပြန်လည်ထုတ်ဝေခြင်းမပြုတော့ဘဲ သိမ်းဆည်းလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၈ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ၂၁-၂-၂၀၁၃ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်းမိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးတင်ပြပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပေးပို့လာသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး

ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးသောင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်ကြီးများခင်ဗျား။ အားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့က အမျိုးသား လွှတ်တော်မှပေးပို့လာသည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်ကို ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား တင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသည့် ပုဂ္ဂလိက ကျန်းမာရေး လုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ၆-၂-၂၀၁၃ ရက်နေ့မှ စတင်တင်သွင်းခဲ့ပြီး ၂၀-၂-၂၀၁၃ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ယင်းဥပဒေကြမ်းကို အမျိုးသား လွှတ်တော်က ပြင်ဆင်ချက်နှင့်အတည်ပြုခဲ့ပါသည်။

၂။ ထိုသို့ အတည်ပြုခဲ့သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက် ရည်ညွှန်းပါစာဖြင့် အမျိုးသား လွှတ်တော်မှ ပေးပို့လာခဲ့ပါသည်။

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥပဒေအမှတ် (၅/၂၀၀၇) ဖြင့် ၅-၄-၂၀၀၇ ရက်နေ့ ထုတ်ပြန်ခဲ့ပြီး အခန်းပေါင်း ၁၆ ခန်း နှင့် ဥပဒေပုဒ်မပေါင်း ၄၂ ခု ပါရှိပါသည်။

၄။ အမျိုးသားလွှတ်တော်မှ ပေးပို့လာသည့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပုဒ်မ ၄ ခုပါရှိပြီး ယင်းဥပဒေရေးဆွဲရခြင်း၏ အဓိက ရည်ရွယ်ချက်များမှာ -

(က) ယင်းဥပဒေကြမ်း၏ပုဒ်မ ၃ သည် ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(င)အား ဥပဒေအရ အထူးကုဆေးခန်းများတွင် ခွဲစိတ်ခန်းထားရှိခြင်း ခွင့်မပြု ထားသော်လည်း သားဖွားခန်းတွင် မူခွင့်ပြုသည့်အတွက် အဆိုပါ သားဖွားခန်းများ၏ အရည်အသွေးနှင့်ခွဲစိတ်မှုဆိုင်ရာ ဆောင်ရွက်မည့်ပုဂ္ဂိုလ်များ၏ အရည်အချင်း သတ်မှတ် ချက်ဆိုင်ရာ ပြဿနာများဖြစ်ပေါ်နိုင်သဖြင့် ပြင်ဆင်ပြဋ္ဌာန်းလိုခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

( ခ) ယင်းဥပဒေကြမ်း၏ ပုဒ်မ ၄ (က) သည် ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (ဇ) ဖြစ်ပြီး သွေးနှင့်သွေးပစ္စည်းများဆိုင်ရာ ဥပဒေအရ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းများသို့ သွေးသွင်းလုပ်ငန်းခွင့်ပြုချက်မရှိခြင်းနှင့် မလိုလားအပ်သော သွေးသွင်းကုသမှုဆိုင်ရာ နောက်ဆက်တွဲပြဿနာများ၊ ပုဂ္ဂလိက သားဖွားခန်းများတွင် မပေါ်ပေါက်စေရေးအတွက် ပြင်ဆင်ခြင်း ဖြစ်ကြောင်းတွေ့ရှိရပါသည်။

( ဂ) ယင်းဥပဒေကြမ်း၏ ပုဒ်မ ၄ (ခ)သည် ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၁၀ တွင် ပုဒ်မခွဲ (ဇ)ကို ပယ်ဖျက်လိုက်သဖြင့် ပုဒ်မခွဲများအား (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ) နှင့် (ထ) တို့ကို ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ) နှင့် (တ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်ဟု ပြင်ဆင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများကို စိစစ်ရာတွင် အခြေခံရမည့်မူ ၁၂ ချက်နှင့် နည်းဥပဒေ ၅၉ တို့နှင့်အညီ ယင်းဥပဒေကြမ်းအပေါ်တွင် လေ့လာစိစစ်နိုင်ရန် ၂၅-၂-၂၀၁၃ ရက်နေ့တွင် ကျန်းမာရေးမြှင့်တင်မှုကော်မတီဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်ရေးကော်မတီဝင်များနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ရာ ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပုဒ်မ ၂ ပုဒ်မခွဲ (တ) ရှိ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရဖြစ်စေဟူသော စကားရပ်မှ ဖြစ်စေ ဟူသောစကားရပ်ကို ပယ်ဖျက်ပြီး တက္ကသိုလ်က စကားရပ်အား တက္ကသိုလ်များကဖြစ်စေဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ခဲ့ပါသည်။

၆။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှ ပေးပို့လာသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေပုဒ်မ ၆၁ အရ လေ့လာစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အစီရင်ခံစာတင်သွင်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်တိကျစွာဖော်ပြ၍ ၁၄-၃-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို ပြန်ကြားရေးဝန်ကြီးဌာနက တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က) အရ ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးအား တင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်အနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့်ပတ်သက်ပြီး ကန့်ကွက်မှုတချို့လည်း ရှိနေကြောင်း သိရှိရတဲ့အတွက် အဆိုမတင်သွင်းမီ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ စဉ်းစားနိုင်ပါရန် ဥပဒေကြမ်းတင်ပြရတဲ့ အခြေအနေအကျဉ်းချုပ်ကို ပထမဦးစွာ ရှင်းလင်းတင်ပြလိုပါတယ်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ စာပေစိစစ်ရေးစနစ်ကို ဖျက်သိမ်းလိုက်ပြီးတဲ့နောက် ဂျာနယ်များ၊ မဂ္ဂဇင်းများမှာ ပြည်သူလူထုကို အဆိပ်အတောက်ဖြစ်စေတဲ့ ရေးသားဖော်ပြမှုများ ပိုမိုများပြားလာတာ ကျွန်တော်တို့တွေ့ရှိရပါတယ်။ ဒီကာလအတွင်း လောင်းကစားလုပ်ငန်းကို အားပေးလှုံ့ဆော်တဲ့ လောင်းကြေးခန့်မှန်းချက်တွေပါရှိတဲ့ ဂျာနယ်အမျိုးအစား ၁၃ မျိုး ထုတ်ဝေမှု ၁၈၄ ကြိမ် ထုတ်ဝေဖြန့်ချိခဲ့တဲ့ စောင်ရေစုစုပေါင်း ၁၁၉၈၀၀၀ အထိ ရှိခဲ့ပါတယ်။ မြန်မာ့ယဉ်ကျေးမှုနဲ့ မလျော်ညီတဲ့

ဟီရိသြတ္တပတရားကင်းတဲ့ ရေးသားချက်များနှင့် ရုပ်ပုံ၊ ဓာတ်ပုံဖော်ပြခြင်းများကိုလည်းပဲ ဂျာနယ်၊ မဂ္ဂဇင်းအမျိုးအစား ၄၆ မျိုး ထုတ်ဝေမှု ၅၈ ကြိမ်နဲ့ ထုတ်ဝေသည့်စောင်ရေ စုစုပေါင်း ၂၁၁၄၀၀ ထိရှိတာကိုလည်း ကျွန်တော်တို့ စိစစ်တွေ့ရှိရပါတယ်။ ဒါ့အပြင် ၄-၁၂-၂၀၁၂ ရက်နေ့မှ ၅-၁၂-၂၀၁၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အဋ္ဌာရသမ အစည်းအဝေးမှာ ဆရာတော်ကြီးများက ထေရဝါဒဗုဒ္ဓဘာသာ ပိဋကတ်တော်များနှင့် ညီညွတ်မှုမရှိသော ရေးသားအသံသွင်းထုတ်ဝေမှုများ ရှိသည့်အတွက် လွန်စွာ စိတ်မချမ်းသာစွာဖြင့် ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်တော်မူခဲ့ပြီး သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်အစိုးရထံ လိုအပ်သလိုဆောင်ရွက်ပေးရန် ဆုံးမသြဝါဒပေးခဲ့တာလည်းရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ စာနယ်ဇင်းဆိုတာဟာ ဒီမိုကရေစီရှင်သန်မှုအတွက် အသက်ရှူရန်လေကောင်းလေသန့်လို အရေးကြီး ပါတယ်။ စာနယ်ဇင်းလောကသားများရဲ့ နိုးကြားတက်ကြွမှုရှိသလောက် စိတ်ရင်းစေတနာကောင်း သလောက် လူ့အဖွဲ့အစည်းရဲ့ ဒီမိုကရေစီအတွက်အရွေ့ကို တွန်းအားပေးကူညီနိုင်ပါတယ်။ စာနယ်ဇင်းသမားများရဲ့ ဒီလောက်အရေးကြီးတဲ့တာဝန်ကို ကောင်းမွန်စွာထမ်းဆောင်နိုင်ရအောင် အဟန့်အတားများ နည်းပါးသက်သာရအောင် ကျွန်တော်တို့ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိ ပါသော်လည်းပဲ စာပေစိစစ်ရေးရုပ်သိမ်းပြီးသွားတဲ့အချိန်မှာတော့ ဆရာတော်သံဃာတော်များနှင့် မိဘ ပြည်သူများဟာ အထက်မှာဖော်ပြခဲ့သလို စာနယ်ဇင်းလောကထဲမှာ အဆိပ်အတောက်အခိုးအငွေ့တွေ မွှန်ထူလာနေတာကိုကြည့်ပြီး အနာဂတ်ဘာသာသာသနာအရေးအတွက်လည်းကောင်း၊ မျိုးဆက်သစ် လူငယ်များနှင့် အလွန်နုနယ်လွန်းလှတဲ့ ကလေးသူငယ်များအတွက်လည်းကောင်း ရတက်မအေးဖွယ် ယနေ့ လက်တွေ့ကြုံတွေ့နေကြရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကိုယ်တိုင်လည်းပဲ မိဘအရွယ်၊ အဘိုးအဘွားအရွယ်များဖြစ်ကြတဲ့အတွက် ကျွန်တော်တို့ရဲ့ သားသမီးများ၊ မြေးမြစ်များကို ဒီလိုအဆိပ်အတောက်ပတ်ဝန်းကျင်မှာ ဒီအတိုင်း ထားပစ်လိုကြမယ်မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည် ပါတယ်။ ဒီအတွက် ကျွန်တော်တို့ တစ်စုံတစ်ခုလုပ်ဖို့လိုအပ်ပါတယ်။ နိုင်ငံတကာစံနှုန်းထားနှင့် ညီညွတ်ပြီး သတင်းလွတ်လပ်ခွင့်ကို လုံးဝအဟန့်အတားမဖြစ်စေပဲ အထက်ပါစာပေအဆိပ်အတောက် ပတ်ဝန်းကျင်ကို ဖယ်ရှားသန့်ရှင်းပေးနိုင်တာကတော့ ကျွန်တော် ယနေ့တင်သွင်းမယ့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ဒီဘက်ခေတ်မှာ ပိုမိုလွတ်လပ်လာကြပါတယ်။ ပိုမိုပွင့်လင်းလာကြပါတယ်။ ထင်သာမြင်သာလည်းရှိလာကြပါတယ်။ ကျွန်တော်တို့ရဲ့ လူနေမှုဘဝမှာ ကမ္ဘာလွှမ်းခြုံပြောင်းလဲမှုဖြစ်စဉ်ကြီးရဲ့ အကျိုးကျေးဇူးတွေကိုလည်း ကျွန်တော်တို့ နေ့စဉ်ခံစားနေကြရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် မိဘပြည်သူများအားလုံး သိရှိထားပြီးဖြစ်တဲ့အတိုင်း ကမ္ဘာလွှမ်းခြုံပြောင်းလဲမှုရဲ့ ကောင်းကျိုးများနှင့်အတူ ဆိုးပြစ်များလည်း ပါလာပါတယ်။ ဒီဆိုးပြစ်များထဲမှာ အဓိကကျတဲ့အချက်တစ်ချက်ကတော့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ မူလယုံကြည်တန်ဖိုးထားမှုတွေ၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုဓလေ့စရိုက်အမွေအနှစ်တွေနဲ့ ရှိရင်းစွဲလူနေမှုဘဝမှ ကောင်းမွေတွေအားလုံး ရပ်တန့်ဆုံးရှုံးသွားစေနိုင်တယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ဒီဆိုးပြစ်များကို တစ်ကမ္ဘာလုံးမှာ နိုင်ငံတိုင်း နိုင်ငံတိုင်းက နိုင်ငံသားတိုင်းက နိုင်ငံရေးပါတီတိုင်းက လူထုလူတန်းစားအဖွဲ့အစည်းတိုင်းက မျိုးချစ်စိတ်ဓာတ်ရှိတဲ့သူတိုင်းက ကာကွယ်နေကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ အလားတူပဲ ကာကွယ်ကြဖို့ ကျွန်တော်တို့မှာတာဝန်ရှိပါတယ်။ အမျိုးဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှုနှင့်ပတ်သက်ပြီး ဒီဆိုးပြစ်ကိုကာကွယ်နိုင်ဖို့ ကျွန်တော်တို့မှာ အခုဘာရှိသလဲ။ လက်သုံးကိရိယာမယ်မယ်ရရ ဘာမှမရှိပဲဖြစ်နေပါတယ်။ ယနေ့ ကျွန်တော်တင်သွင်းမယ့်ဥပဒေကြမ်းဟာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအတွက် လိုအပ်နေတဲ့ လက်သုံးကိရိယာများထဲက တစ်ခုဖြစ်လာလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ အလေးအနက်မျှော်လင့်ပါတယ်။ ဒီနေရာမှာ အငြင်းပွားသူများ ထောက်ပြပြောဆိုနေတဲ့ ပုဒ်မ ၇ စည်းကမ်းများနဲ့ပတ်သက်တဲ့ အပိုင်းကို လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ စဉ်းစားပေးနိုင်ရန် ကျွန်တော် ဆက်လက်တင်ပြပါမယ်။ ဒီပုဒ်မ ၇ မှာပါတဲ့ အချက်တွေကတော့ (၁) တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုသော်လည်းကောင်း၊ မိမိလူမျိုးရဲ့ ဘာသာသာသနာကိုလည်းကောင်း၊ အခြားဘာသာသာသနာကိုလည်းကောင်း ထိခိုက်နစ်နာစေမည့် အကြောင်းအရာများဖော်ပြခြင်း၊ (၂) တရားဥပဒေစိုးမိုးရေးကိုပျက်ပြားစေရန်သော်လည်းကောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်ပွားစေရန်သော်လည်းကောင်း လှုံ့ဆော်ခြင်း၊ (၃) ညစ်ညမ်းစာများကိုဖော်ပြခြင်း၊ (၄) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်း၊ (၅) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများအရ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်သည့် အရေးအသားစာများ ထုတ်ဝေခြင်းတို့ပဲဖြစ်ပါတယ်။ သတင်းလွတ်လပ်ခွင့်နှင့် ပတ်သက်

ပြီး ကမ္ဘာမှာအထင်အရှားဆုံးဖြစ်တဲ့ နိုင်ငံသားများနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် ပတ်သက်တဲ့ အပြည်ပြည်ဆိုင်ရာသဘောတူညီချက် (International ကောမတ်တင့်စ် of Civil and Political Right) Article 90th Para 3 မှာ မိမိအယူအဆသဘောထားများကို လွတ်လပ်စွာဖော်ထုတ်ခွင့်ရှိသော်လည်း လူတစ်ဦးရဲ့ အခွင့်အရေးနှင့် ဂုဏ်သတင်းကိုလည်းကောင်း၊ အမျိုးသားလုံခြုံရေး၊ အများပြည်သူ စနစ်တကျရှိရေး၊ ကျန်းမာရေးနှင့်ကိုယ်ကျင့်တရားတို့ကိုလည်းကောင်း အလေးထားရမည့်တာဝန်အဖြစ် ဖော်ပြထားပြီး လိုအပ်ပါက ဥပဒေ၌ ထည့်သွင်းဖော်ပြရမည်ဟုပါရှိပါတယ်။ ဒီနေရာမှာ အမျိုးသားလုံခြုံရေး (National Security) နှင့်ပတ်သက်ပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အပြည်ပြည်ဆိုင်ရာ စံနှုန်းထားမိတဲ့ ဥပဒေတွေ၊ အဘိဓာန်တွေက ထုတ်နုတ်ပြီးတင်ပြလိုပါတယ်။ အမျိုးသားလုံခြုံရေးဆိုသည်မှာ စီးပွားရေးလုံခြုံရေး၊ ငွေကြေးလုံခြုံရေး၊ စွမ်းအင်လုံခြုံရေး၊ သဘာဝဝန်းကျင်လုံခြုံရေး၊ စစ်ဘက်ဆိုင်ရာလုံခြုံရေး၊ နိုင်ငံရေးလုံခြုံရေးနှင့် သဘာဝအရင်းအမြစ်လုံခြုံရေးတို့ ပါဝင်တာဖြစ်တဲ့အတွက် အများကြီးကျယ်ပြန့်ပါတယ်။ ဒါ့အပြင် အများပြည်သူစနစ်တကျရှိရေး (Public Order) နှင့် ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်းပဲ ဆက်လက်တင်ပြရမယ်ဆိုရင် လူတိုင်းသည် စိုးရိမ်မှု၊ နှောင့်ယှက်မှုမရှိဘဲ အများပြည်သူဆိုင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများအတိုင်း စုဝေးဝင်ထွက်သွားလာပိုင်ခွင့်ရှိသည်။ ဒါပေမယ့် အများပြည်သူဆိုင်ရာ နေရာများတွင် အန္တရာယ်ဖြစ်ပေါ်စေမှုကိုသယ်ဆောင်လာခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဆူပူသောင်းကျန်းခြင်းတို့ကို တားမြစ်သည်လို့ ဖော်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အမျိုးသားလုံခြုံရေးနှင့် အများပြည်သူ စနစ်တကျရှိရေးဆိုတဲ့စကားဟာ အလွန်ကျယ်ပြန့်သော်လည်းပဲ ကျွန်တော့်အနေနဲ့ အနည်းဆုံး လိုအပ်ချက်အနှစ်သာရကိုသာ အကျဉ်းချုံးပြီးဖွင့်ဆိုခြင်းဖြစ်တာဟာ သတင်းသမားများအတွက် အပန်းအတားမဖြစ်စေရန် သတင်းလွတ်လပ်ခွင့်ကို အတတ်နိုင်ဆုံး ဖွင့်ပေးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းပုဒ်မ ၇ ပါ ဒီစည်းကမ်းချက်များဟာ နိုင်ငံတကာစံနှုန်းထားများနှင့်အညီ ထည့်သွင်းထားခြင်းဖြစ်ကြောင်း လေးနက်စွာတင်ပြလိုပါတယ်။ ပုဒ်မ ၈ အရ အဆိုပါ စည်းကမ်းချက်များနှင့် မကိုက်ညီတဲ့စာများကိုလည်းပဲ Invalid Publication တရားမဝင်ထုတ်ဝေစာအဖြစ်သတ်မှတ်ကြေညာမှာဖြစ်ပါတယ်။ အဲ့ဒီလိုကြေညာရင် ဆက်လက်ပုံနှိပ်ခြင်းမပြုရန်နှင့်ထုတ်ဝေခြင်းမပြုရန်သာဖြစ်ပါတယ်။ ဒီကိစ္စအတွက် ဖမ်းဆီးခြင်း၊ ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ နိုင်ငံပိုင်ပြုလုပ်ခြင်း လုံးဝလုံးဝမပါရှိပါကြောင်းလည်းတင်ပြလိုပါတယ်။ ဆိုးရွားစွာ

ဖောက်ဖျက်ခြင်း သို့မဟုတ် ထပ်မံဖောက်ဖျက်မှသာ တရားမကြောင်းအရ တရားစွဲနိုင်မှာဖြစ်တဲ့ အတွက် ဒါဟာ ယခင်တည်ဆဲဥပဒေများမှာ ပြစ်မှုကြောင်းအရ အရေးယူနိုင်ပြီး နိုင်ငံပိုင်သိမ်းဆည်း နိုင်ခြင်း စသည့်အချက်တွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ကျွန်တော်တို့ နှိုင်းယှဉ်လို့မရအောင် တရားမျှတမှု ရှိတာကို ဦးစားပေးထားတာတွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနက ယခု ရေးဆွဲတင်ပြတဲ့ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေဟာ အမျိုးသားအကျိုးစီးပွားကို ကာကွယ် စောင့်ရှောက်ရန်နှင့် လွတ်လပ်စွာပြောဆိုခွင့်၊ ရေးသားထုတ်ဝေခွင့်တို့ကို ဟန့်တားနှောင့်ယှက်ခြင်း လုံးဝမရှိစေဘဲ ပုံနှိပ်သူ၊ ထုတ်ဝေသူများ၊ စာနယ်ဇင်းသမားများအားလုံးအတွက် လုံခြုံစိတ်ချရမှုနှင့် လုပ်ငန်းလွယ်ကူအဆင်ပြေစေမှုတို့ကို အဓိကထားပြီး အနာဂတ်ကာလ စာပေအဆိပ်အတောက် ကင်းစင်စွာ ရှင်သန်ဖွံ့ဖြိုးနိုင်ရေး မျှော်မှန်းချက်နဲ့ရေးသားထားတဲ့ ဥပဒေကြမ်းဖြစ်တဲ့အတွက် လက်ခံ စဉ်းစားပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ် ပါတယ်။ ဥပဒေကြမ်းကော်မတီအားဖတ်ကြားရှင်းလင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဂါရဝပြုအပ် ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာ-

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်း ကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်မှ ၂၅-၂-၂၀၁၃ ရက်နေ့တွင် ပေးပို့ လာပါသည်။

၂။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်း ရေးဆွဲရခြင်းနှင့်စပ်လျဉ်း၍ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေနှင့် The Press Act တို့သည် ခေတ်နှင့်လျော်ညီမှုမရှိသဖြင့် ဖျက်သိမ်းရန်၊ ခေတ်စနစ်နှင့်အညီ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်နှင့် ယင်းလုပ်ငန်းရပ်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ စနစ်တကျကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် ရည်ရွယ်ကြောင်း တွေ့ရှိရပါသည်။

၃။ The Press Act ကို ၁၉၃၁ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် အိန္ဒိယအက်ဥပဒေ ၂၃ အဖြစ် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့ပြီး အပိုင်း ၅ ပိုင်းနှင့် ပုဒ်မပေါင်း ၃၂ ခု ပါရှိပါသည်။ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင် ဥပဒေသည် ၁၉၆၂ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၂၆ ဖြင့် ပြဋ္ဌာန်းခဲ့ပါသည်။ ယခုတင်ပြလာသည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းတွင် အခန်း (၈) ခန်းနှင့် ပုဒ်မပေါင်း ၂၈ ခု ပါရှိပါသည်။

၄။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၈-၂-၂၀၁၃ ရက်နေ့တွင် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ပြည်ထောင်စုပြန်ကြားရေးဝန်ကြီးဌာနတို့နှင့် ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။

၅။ ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းများအား စိစစ်ရာတွင် အခြေခံရမည့်မူ ၁၂ ချက်နှင့် နည်းဥပဒေ ၅၉ တို့နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ ပြင်ဆင်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ (ဠ)အား-

ညစ်ညမ်းစာဆိုသည်မှာ ဟီရိဩတ္တပ္ပကင်းမဲ့သော၊ လူ့အဖွဲ့အစည်းက လက်မခံသော-

(၁) လိင်ကိစ္စအား တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ဖော်ပြခြင်းများ၊

(၂) ကာမရာဂကိုလှုံ့ဆော်ရာရောက်သော အကျင့်ပျက်ပြားစေသည့် သရုပ်ဖော်ပုံများ၊ စာများ၊ ဓာတ်ပုံနှင့် ပန်းချီများ၊

(၃) ရုန့်ရင်းကြမ်းတမ်းသော ဆဲရေးတိုင်းထွာသည့် အသုံးအနှုန်းများနှင့် ရုပ်ပုံများကို ဖော်ပြခြင်းကိုဆိုသည်။

ယင်းစကားရပ်တွင် ဆေးပညာအရလည်းကောင်း၊ ရိုးရာဓလေ့ထုံးစံနှင့် ကိုးကွယ် ရာ ဘာသာအရလည်းကောင်း သဘောရိုးဖြင့် ဖော်ပြရန်လိုအပ်သော ကိစ္စရပ်များ မပါဝင်ဟု အများပြည်သူများ ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်နိုင်ရန်အတွက် ပြင်ဆင်ဖြည့်စွက်ပါသည်။

(ခ) အခန်း (၂) ခေါင်းစဉ်အား ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းကို အသိအမှတ်ပြုခြင်းဟု ပြင်ဆင်ပါသည်။

(ဂ) အခန်း (၂) ပုဒ်မ ၃ ရှိ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း စကားရပ် အနောက်တွင် ခေါင်းစဉ်နှင့်ကိုက်ညီစေရန်အတွက် ကို စာသားအား ဖြည့်စွက်၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ကို ဟု ပြင်ဆင်ပါသည်။

(ဃ) အခန်း (၂) ပုဒ်မ ၅ ရှိ တစ်နည်းနည်းဖြင့် စိစစ်တွေ့ရှိပါက စကားရပ်တွင် တစ်နည်းနည်းဖြင့် စကားရပ်သည် မလိုအပ်ပါသဖြင့် ပယ်ဖျက်ပြီး စိစစ်တွေ့ရှိပါကဟု ပြင်ဆင်ပါသည်။

(င) အခန်း (၂) ပုဒ်မ ၆ တွင် ဝန်ကြီးထံသို့ အယူခံပိုင်ခွင့် ရှိစေရမည် ဟူသော စကားရပ် အစား အခွင့်အာဏာရှိသူဝန်ကြီးထံ အယူခံဝင်ခြင်းအစား ပိုမိုသင့်လျော်သည့် နိုင်ငံတော်သမ္မတထံသို့ အယူခံပိုင်ခွင့် ရှိစေရမည်ဟူ၍ ပြင်ဆင်ပါသည်။

(စ) အခန်း (၃) ပုဒ်မ ၇ ပုဒ်မခွဲ (က)အား အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန်အတွက် တိုင်းရင်းသား လူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုး အချင်းချင်းကိုလည်းကောင်း၊ မိမိ လူမျိုး၏ ဘာသာသာသနာကို လည်းကောင်း၊ အခြားဘာသာသာသနာကို လည်းကောင်း ထိခိုက်နစ်နာစေမည့် အကြောင်းအရာများဖော်ပြခြင်းဟု ပြင်ဆင် ဖြည့်စွက်ပါသည်။

(ဆ) အခန်း (၆) ပုဒ်မ ၁၉ ရှိ ရပ်ဆိုင်းခြင်း ပြုလုပ်ထားစဉ် စကားရပ်အား အရေးအသား ကျစ်လျစ်မှုရှိစေရန်နှင့် အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန်အတွက် ရပ်ဆိုင်းခြင်းခံရစဉ်ဟု ပြင်ဆင်ပါသည်။

( ဈ) အခန်း (၇) ပြစ်မှုပြစ်ဒဏ်များ အခန်းရှိ ပုဒ်မ ၂၀၊ ၂၁၊ ၂၂ တို့တွင် ငွေဒဏ်သာချမှတ်ရန်နှင့် ထောင်ဒဏ်ကို မလိုအပ်ပါသဖြင့် ပယ်ဖျက်ပါသည်။

(ဈ) အခန်း (၈) ပုဒ်မ ၂၃ ကို အဓိပ္ပာယ်ရှင်းလင်းစေရန်အတွက် ဖွဲ့စည်းပြီး စကားရပ်အစား ဖွဲ့စည်းရမည်ဟုလည်းကောင်း၊ မှတ်ပုံတင်အရာရှိ စကားရပ်အရှေ့၌ ယင်းအဖွဲ့အစည်းတွင်ဟူသော စကားရပ်တို့အား ပြင်ဆင်ဖြည့်စွက်ပါသည်။

(ည) အခန်း (၈) ပုဒ်မ ၂၄ ပုဒ်မခွဲ(က) ရှိ ပုံနှိပ်ခြင်းလုပ်ငန်းဖြစ်စေ၊ ထုတ်ဝေခြင်း လုပ်ငန်းကို ဖြစ်စေစကားရပ်အား ပုံနှိပ်ခြင်းလုပ်ငန်းသို့မဟုတ် ထုတ်ဝေခြင်း လုပ်ငန်းကို ဟု ပြင်ဆင်ပါသည်။

( ဋ) အခန်း (၈) ပုဒ်မ ၂၆ ၏ အောက်တွင် ပုဒ်မ ၂၇ အဖြစ် အသစ်ဖြည့်စွက်ချက် အနေနှင့် ဤဥပဒေပါ မည်သည့်အရေးယူဆောင်ရွက်မှုများကိုမဆို နိုင်ငံသားတိုင်း၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မထိခိုက်စေရဟု နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အညီလည်းကောင်း၊ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရန်လည်းကောင်း ဖြည့်စွက်ပါသည်။

(ဌ) အခန်း (၈)တွင် ပုဒ်မ ၂၈ အဖြစ် မည်သူမဆို သီးခြားဥပဒေပြဋ္ဌာန်းထားခြင်း မရှိလျှင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းကို ရေဒီယိုရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းနှင့် ပူးပေါင်းလုပ်ကိုင်ခွင့်မရှိစေရဟု အသစ်ဖြည့်စွက်ပါသည်။

( ဍ) အခန်း (၈) ပုဒ်မ ၂၈ ပုဒ်မခွဲ (ခ) အား ပုဒ်မ ၃၀ ပုဒ်မခွဲ(ခ) အဖြစ် ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ (၁၉၆၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၆) ဟု ပြင်ဆင် ဖြည့်စွက်ပါသည်။

၆။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေကြမ်း အား လွှတ်တော်မှ အတည်ပြု ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ နှင့်အညီ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ အရ လွှတ်တော်သို့ အစီရင်ခံ တင်ပြအပ်ပါသည်။ အားလုံးကို လေးစားပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆ အရ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျဖော်ပြ၍ ၁၈-၃-၂၀၁၃ ရက် နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင် ကြောင်းကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခွန်ဆိုင်ရာ ဥပဒေအမိန့်ကြော်ငြာစာများအပါအဝင် အခြားဥပဒေကြမ်းများကို လွှတ်တော်ကိုယ်စားလှယ်များ တစ်ဦးချင်းအနေဖြင့်သော်လည်းကောင်း၊ ကော်မတီများအလိုက်အနေဖြင့်သော်လည်းကောင်း နေ့လည်ပိုင်းနှင့် ညနေပိုင်းများတွင် ဆောင်ရွက်လျက်ရှိနေကြပါတယ်။ ဆောင်ရွက်မှုတွေ လျင်မြန်ထိရောက်ဖို့လည်း လိုအပ်ပါတယ်။ လွှတ်တော်မှာ အချိန်ကာလကျန်ရှိမှု နည်းပါးနေပါတယ်။ ဒါကြောင့်မို့လို့ အရေးကြီးတဲ့ ဥပဒေများကို ဒီလွှတ်တော်သက်တမ်းအတွင်းမှာ ဒီကာလအတွင်းမှာဆောင်ရွက်နိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းအနေနဲ့သော်လည်းကောင်း၊ ကော်မတီများအနေနဲ့သော်လည်းကောင်း အဓိက စေတနာထားအားထုတ်ဆောင်ရွက်ပေးဖို့ တိုက်တွန်းလိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၂၃) ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက် (သောကြာနေ့) ၁၀း၀၀ နာရီအချိန်မှာဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို ၁၁း၄၀ နာရီအချိန်တွင်ရပ်နားပါသည်။]